# သမတအိမ်တော်၊ ရန်ကုန်မြို့။
# ၁၉၅၀ ပြည့်နှစ်၊ ဘဏ္ဍာတော်အက်ဥပဒေ။
# [၁၉၅၀ ပြည့်နှစ်၊ အက်ဥပဒေအမှတ် ၃၀။]
# ၁၃၁၂ ခု၊ တော်သလင်းလဆုတ် ၃ ရက်။
# (၁၉၅၀ ခု၊ စက်တဘ်ာလ ၂၉ ရက်။)

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ၊ အောက်ဖော်ပြပါ အက်ဥပဒေကို ထုတ်ပြန်ကျေ ညာသည်။

အောက်ပါအတိုင်းအက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ **အမည်တိုနှင့် အာဏာတည်သည့်နေ့ရက်**။ ။ (၁) ဤအက်ဥပဒေကို၊ ၁၉၅၀ ပြည့်နှစ်၊ ဘဏ္ဍာတော် အက်ဥပဒေ ဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ ၁၉၅၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် အာဏာတည်ရမည်။

၂။ ။ **အမြတ်တော်ခွန်နှင့် နောက်ထပ်အခွန်တော်**။ ။ (၁) ၁၉၅၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁ ရက်နေ့က အစပြုမည့်နှစ်အတွက် အောက်ပါအတိုင်း အခွန်တော်စည်းကြပ်ရမည်။

(က) ၁၉၄၉ ခုနှစ်၊ ဘဏ္ဍာတော် အက်ဥပဒေ၏ဇယား အပိုင်း ၁ တွင် သီးခြားဖော်ပြထားသည့် နှုန်းများအတိုင်း အမြတ်တော်ခွန်နှင့်

(ခ) မြန်မာနိုင်ငံ အမြတ်တော်ခွန် အက်ဥပဒေပုဒ်မ ၅၅ ပါ ကိစ္စများအလို့ငှါ၊ ၁၉၄၉ ခုနှစ်၊ ဘဏ္ဍာတော် အက်ဥပဒေ၏ ဇယား အပိုင်း ၂ တွင် သီးခြားဖော်ပြထားသည့် နှုန်းများအတိုင်းနောက်ထပ် အခွန်တော်။

(၂) ၁၉၅၁ ခုနှစ်၊ စက်တဘ်ာလ ၃၀ ရက်နေ့တွင် ကုန်ဆုံးသည့် နှစ်အတွက် အခွန်တော် စည်းကြပ်ခြင်း၊ နုတ်ခြင်း၊ သို့တည်းမဟုတ် ပြန်ပေးခြင်းပြုလုပ်ရာ၌၊ စည်းကြပ်ခံရသူ၏ စုစုပေါင်းဝင်ငွေတွင် အလုပ် လုပ်၍ရသည့် ဝင်ငွေပါဝင်လျှင်၊ ထိုဝင်ငွေ၏ ၁၀ ပုံ ၁ ပုံနှင့်ညီမျှသော ငွေကို၊ ထိုသူ၏ စုစုပေါင်းဝင်ငွေမှ၊ မြန်မာနိုင်ငံ အမြတ်တော်ခွန် အက်ဥပဒေပုဒ်မ ၁၅-က ပါ ပြဋ္ဌာန်းချက်များနှင့်အညီ နုတ်ရမည်။ သို့ရာတွင် ထိုသို့ နုတ်သောငွေမှာ မည်သည့်အချက်တွင် မျှ နှစ်ထောင်ထက်မပိုစေရ။ ထို့ပြင် စည်းကြပ်ခံရသူမှာ၊ ကုန်သည် အစုစပ်လုပ်ငန်းတွင် ပါဝင်သူဖြစ်လျှင်၊ ထိုကုန်သည် အစုစပ်လုပ်ငန်းအပေါ်တွင် အခွန်တော် စည်းကြပ်ရာ၌၊ အလုပ်လုပ်၍ရသည့် ဝင်ငွေအတွက် ခွင့်ပြုသမျှငွေကို အဆိုပါနုတ်ရမည့် ငွေထဲမှလျှော့ရမည်။ ထိုခွင့်ပြုသည့်ငွေမှာလည်း၊ ကုန်သည်အစုစပ် လုပ်ငန်း၏ အမြတ်ငွေများတွင် ထိုသူ၏ အမြတ်ဝေစုနှင့် သက်ဆိုင်သမျှသော ငွေသာဖြစ်ရမည်။

(၃) ဤပုဒ်မပါ ကိစ္စများအတွက်၎င်း၊ ဤပုဒ်မအရ စည်းကြပ်သည့် အခွန်တော်နှုန်းများအတွက်၎င်း၊ "စုစုပေါင်းဝင်ငွေ" ဆိုသည့် စကားရပ်မှာ၊ မြန်မာနိုင်ငံ အမြတ်တော်ခွန် အက်ဥပဒေပါ ပြဋ္ဌာန်းချက်များ နှင့်အညီ၊ အမြတ်တော်ခွန်၊ သို့တည်းမဟုတ် နောက်ထပ်အခွန်တော်ဆိုင်သင့်ရာရာ ကိစ္စများအတွက် သတ်မှတ်သည့်အတိုင်း စုစုပေါင်း ဝင်ငွေကိုဆိုလိုသည်။ ထို့ပြင် "အလုပ်လုပ်၍ရသည့်ဝင်ငွေ" ဆိုသည့် စကားရပ်မှာ၊ ထိုအက်ဥပဒေပုဒ်မ ၂၊ အပိုဒ် (၆-က) တွင်၊ ထိုစကားရပ်ကို အဓိပ္ပါယ်ဖော်ပြထားသည့် အတိုင်းပင်ဖြစ်သည်။

၃။ ။ **စည်းကြပ်ရန်ဖြစ်စေ၊ ပြန်ပေးရန်ဖြစ်စေ၊ မည်သည့် ကာလအပိုင်းအခြားအတွင်း ဆောင်ရွက်ရ**

**မည့်အကြောင်း**။ ။ ၁၉၅၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင် ကုန်ဆုံးသည့်နှစ်အတွက် ပြုလုပ်ရမည့် စည်းကြပ်ခြင်း၊ သို့တည်းမဟုတ် ပြန်ပေးခြင်းနှင့် စပ်လျဉ်း၍၊ မြန်မာနိုင်ငံ အမြတ်တော်ခွန် အက်ဥပဒေ မှာ၊ ထိုအက်ဥပဒေ ပုဒ်မ ၃၄၊ ၃၅ နှင့် ၅၀ တွင် "တနှစ်" ဆိုသည့် စကားရပ် ပါရှိသည့် နေရာတိုင်း၌၊ ထိုစကားရပ်အစား "နှစ်နှစ်" ဆိုသည့်စကားရပ်ကို ထည့်သွင်းထားဘိသကဲ့သို့ အဓိပ္ပါယ် ကောက်ယူရ မည်။

၄။ ။ **ရောင်းဝယ်လုပ်ကိုင်မှုအမြတ်အစွန်းခွန်**။ ။ ၁၉၅၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင် ကုန်ဆုံးသည့်နှစ်အတွက်၊ မြန်မာနိုင်ငံအမြတ်တော်ခွန် အက်ဥပဒေအရ၊ အခွန်စည်းကြပ်ခြင်းနှင့် သက်ဆိုင်သော မည်သည့်အထက်နှစ်အတွက်မဆို၊ ၁၉၄၈ ခုနှစ်၊ ရောင်းဝယ်လုပ်ကိုင်မှု အမြတ်အစွန်းခွန် အက်ဥပဒေပုဒ်မ ၄ အရ စည်းကြပ်သော အခွန်တော်သည်၊ စည်းကြပ်ထိုက်သည့် အမြတ်အစွန်း၏ ဆယ့်ခြောက်နှင့် သုံးပိုင်းနှစ်ပိုင်းရာခိုင်နှုန်းနှင့်ညီမျှရမည်။

၅။ ။ **စာပို့တိုက်နှုန်းများသတ်မှတ်ခြင်း**။ ။ ၁၉၅၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစသောနှစ် အတွက်၊ ၁၉၄၇ ခုနှစ်၊ မြန်မာနိုင်ငံတော် ဘဏ္ဍာတော် အက်ဥပဒေ၏ ဒုတိယဇယားကို၊ မြန်မာနိုင်ငံစာပို့ တိုက် အက်ဥပဒေတွင်၊ ထိုအက်ဥပဒေ၏ ပဉ္စမဇယားအဖြစ် ထည့်သွင်းရမည်။

၆။ ။ **မြန်မာနိုင်ငံအရက်ချက်ရုံတွင်ချက်လုပ်သည့်နိုင်ငံခြားအရက်ပြန်ပါသည့် အရက်ပေါ်တွင် အကောက်တော်**။ ။ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေပုဒ်မ ၂၄ နှင့် ၂၅ တွင်သော်၎င်း၊ တည်ဆဲဖြစ်သော အခြား ဥပဒေတရပ်ရပ်တွင်သော်၎င်း၊ မည်သို့ပင် ပါရှိစေကာမူ၊ မြန်မာနိုင်ငံ အရက်ချက်ရုံတွင် ချက်လုပ် နိုင်သည့် နိုင်ငံခြား အရက်ပြန် ပါသည့် အရက်ပေါ်တွင် နိုင်ငံတွင်း အကောက်တော်ကို၊ နောက်ဆုံး နေ့အထိပြင်ဆင်ထားသော ၁၉၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့စွဲပါ ဘဏ္ဍာရေးဌာန အမိန့်ကြော်ငြာစာ အမှတ် ၇၈ တွင် ပါရှိသည့် ဇယား ၂ တွင် သတ်မှတ်ထားသော နှုန်းများ၏ ၃ ဆ စည်းကြပ်ရမည်။

သို့သော်လည်း-

(၁) မြန်မာနိုင်ငံတွင် ချထားသော စစ်တပ်များတွင် စစ်မှုထမ်းတို့ အသုံးပြုနိုင်ရန် အထူးနှုန်း သတ်မှတ်၍၊ စစ်ဗိုလ်များသို့ထုတ်ပေးသော ရမ်းအရက်နှင့် မြန်မာနိုင်ငံရှိ အရက်ချက်ရုံတွင် ချက်လုပ်သည့်ပြင်၊ တင်ချာဆေးရည်နှင့် အခြားအရက်ပြန်ပါသည့် ဆေးရည်များ ပြုလုပ်ရန်အလို့ငှါ၊ မြန်မာနိုင်ငံရှိ ဆေးချက်လုပ်သော ဆေးဆရာများသို့ ထုတ်ပေးသည့် ပြုပြင်ထားသော အရက်အတွက်၊ နိုင်ငံတွင်း အကောက်တော်ကို၊ နောက်ဆုံးနေ့အထိ ပြင်ဆင်ထားသော ၁၉၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့စွဲပါ ဘဏ္ဍာရေးဌာန အမိန့်ကြော်ငြာစာ အမှတ် ၇၈ တွင် ပါရှိသည့် ဇယား ၂ တွင် သတ်မှတ်ထား သောနှုန်းများ၏ ၂ ဆ စည်းကြပ်ရမည်။ ၎င်းပြင်

(၂) မြန်မာနိုင်ငံယစ်မျိုးမင်းကြီး၏ခွင့်ပြုချက်အရ၊ ဆေးဝါးအဖြစ် စစ်တပ်များအား အခမဲ့ ဖြန့်ဖြူးရန်၊ ရန်ကုန်မြို့၊ စစ်ရုံး၊ စစ်ရိက္ခာထောက်ပံ့ရေး ညွှန်ကြားရေးဝန်သို့ ထုတ်ပေးသော ရမ်းအရက်သည်၊ နိုင်ငံတွင်း အကောက်တော်ဟူသ၍မှ လုံးဝလွတ်ကင်းရမည်။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**စဝ်ရွှေသိုက်။**
**နိုင်ငံတော်ယာယီသမတ၊**
**ပြည်ထောင်စုမြန်မာနိုင်ငံတော်။**

**ရန်ကုန်မြို့၊ ၁၃၁၂ ခု၊ တော်သလင်းလဆုတ် ၃ ရက်။**
**(၁၉၅၀ ခု၊ စက်တင်ဘာလ ၂၉ ရက်။)**

**အမိန့်အရ၊**
**ခင်မောင်ဖြူ၊**
**နိုင်ငံတော်သမတအတွင်းဝန်။**
**[အမှတ် ၇၀]**